CENTRE FOR LAW AND DEMOCRACY

# မြန်မာနိုင်ငံတွင်း ဆိုင်ဘာ ရာဇဝတ်မှုဆိုင်ရာ ဥပဒေများနှင့် ဒစ်ဂျစ်တယ် အကြောင်းအရာများကို ကန့်သတ်ခြင်းဆိုင်ရာ အစီရင်ခံစာ [၁]

**ဇန်နဝါရီ (၂၀၁၇)**

## ၁. နောက်ခံ အကြောင်းအရာ - လူ့အခွင့်အရေးနှင့် အင်တာနက်

စတင်ပေါ်ပေါက်စ ဆယ်စုနှစ်များအတွင်း ကနဦးကာလကတည်းက အင်တာနက်သည် လူ့အခွင့်အရေး အမျိုးမျိုးကို ဖြန့်ဝေပေးရာ အဓိက နည်းလမ်းတစ်ခု ဖြစ်လာခဲ့သည်။ အထင်ရှားဆုံးမှာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အတွက် ဖြစ်ပြီး ထိုမျှသာမကဘဲ အခြားအကြောင်းအရာများ အပြင် အသင်းအဖွဲ့များ လွတ်လပ်စွာ ဖွဲ့စည်းခွင့်၊ ပညာသင်ကြားခွင့်၊ အလုပ်လုပ်ကိုင်ခွင့်နှင့် ယဉ်ကျေးမှုဆိုင်ရာ ဘဝတွင် ပါဝင်ခွင့်တို့ ဖြန့်ဝေပေးရာ နည်းလမ်းလည်း ဖြစ်လာခဲ့သည်။ အင်တာနက်၏ ကြီးမားလှသော ရိုက်ခတ်မှုကို ၂၀၁၃ ခုနှစ်တွင် ထိုစဉ်က ကမ္ဘာ့ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး ဖြစ်သည့် Navi Pillay က ထောက်ပြခဲ့ပြီး အောက်ပါအတိုင်း ပြောဆိုခဲ့သည်။

> ခေတ်ပေါ်နည်းပညာများသည် ကျွန်ုပ်တို့က လူ့အခွင့်အရေး လုပ်ငန်းလုပ်သည့် နည်းလမ်းများကို အသွင်ပြောင်းစေခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် World Wide Web သည် လေးနှစ်သက်တမ်းသာ ရှိသေးသည်။ ၎င်း၏ အနာဂတ်အသုံးပြုမှုနှင့် တွင်ကျယ်ပြန့်နှံ့မှုကို မှန်းဆနိုင်ခြင်း မရှိခဲ့သလို အင်တာနက်က ကျွန်ုပ်တို့၏ ဘဝများ အပေါ် မည်သို့ အခြေခံကျကျ သက်ရောက်မည်ကို မှန်းဆနိုင်ခဲ့ခြင်းလည်း မရှိခဲ့ပါ။ လူမှုမီဒီယာများနှင့် IT ဆန်းသစ်တီထွင်မှုများနှင့်အတူ ဤနည်းပညာများသည် အချိန်နှင့်တပြေးညီဆက်သွယ်ရေးစနစ်များ နှင့် သတင်းအချက်အလက်ဝေမျှမှုတို့ကို တစ်ဟုန်ထိုး တိုးတက်လာအောင် ပြုလုပ်ပေးနေသည်။ ၎င်းတို့က လူ့အခွင့်အရေးကာကွယ်သူများ၏ အသံကို ပိုမိုကျယ်လောင်စေပြီး အလွဲသုံးစားပြုမှုများကို ထင်ရှားပေါ်လွင်အောင် ပြုလုပ်ပေးခဲ့သည်။ ကမ္ဘာ့ဒေသအပိုင်းအခြားများစွာတွင်လည်း[၂] အမျိုးမျိုးသော အကြောင်းကိစ္စများအတွက် အားပေးထောက်ပံ့မှု အရှိန်ရလာရန် ဆော်သြပေးနိုင်ခဲ့သည်။

[၁] မြန်မာမီဒီယာရှေ့နေများကွန်ရက်အတွက် ဥပဒေ နှင့် ဒီမိုကရေစီရေးရာ စင်တာ ၏ အကြီးတန်း ဥပဒေ အရာရှိ Michael Karanicolas က ရေးဆွဲခဲ့သည်။ ဤအစီရင်ခံစာကို အများပြည်သူဆိုင်ရာ မူပိုင်ခွင့် ကင်းလွတ်မှု ၊ သတ်မှတ်ချက်-စီးပွားရေးဖြင့်မဆိုင်သော-ဝေမျှနိုင်သော မူကွဲ ၃.၀ နေရာဒေသအလိုက် ပြုပြင်မထားသော လိုင်စင် (Creative Commons Attribution-NonCommercial-ShareAlike 3.0 Unported Licence) ရယူထားသည်။ သင်သည် ဥပဒေ နှင့် ဒီမိုကရေစီ ရေးရာ စင်တာမှ ရယူထားကြောင်း အသိအမှတ်ပြုဖော်ပြပြီး စီးပွားရေးအတွက် အသုံးမပြုဘဲ ဤထုတ်ဝေမှုမှ ဆင့်ပွားဖန်တီးသမျှ ဤလိုင်စင် စည်းကမ်း သတ်မှတ်ချက်ဖြင့်ထပ်တူ ဖြန့်ဖြူးမည်ဆိုပါက ဤအစီရင်ခံစာကို လွတ်လပ်စွာ မိတ္တူကူးယူ၊ ဖြန့်ဖြူး၊ ပြသပြီး ဆင့်ပွား ဆောင်ရွက်နိုင်သည်။ ဤလိုင်စင်၏မိတ္တူကို ကြည့်ရှုရန် ဤဝက်ဘ်ဆိုက်တွင် ကြည့်ရှုနိုင်သည်။ http://creativecommons.org/licenses/by-nc-sa/3.0/.

[၂] Navi Pillay၊ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၊ ၂၀၁၃ ဒီဇင်ဘာလ ၁၀ ရက် လူ့အခွင့်အရေးနေ့ အတွက် ၂၀-၂၀ လူ့အခွင့်အရေးမျှော်မှန်းချက်ဆိုင်ရာထုတ်ပြန်မှု။ ဤဝက်ဘ်ဆိုက်တွင် ကြည့်ရှုနိုင်သည်။ www.ohchr.org/EN/NewsEvents/Pages/DisplayNews.aspx?NewsID=14074.

အင်တာနက်၏ ပြောင်းလဲနိုင်မှု စွမ်းအား၏ နောက်ဆက်တွဲ ရလဒ်အနေဖြင့် အွန်လိုင်းနှင့် ဆက်စပ်သည့် နောက်ခံအခြေအနေတွင် လူ့အခွင့်အရေးကို မည်သို့ အဓိပ္ပါယ်ကောက်ပြီး အသုံးချရမည်ဟူသည့် မေးခွန်းများသည် ယင်းအခွင့်အရေးများ အကြောင်း ခေတ်သစ်အဆက်အစပ်ဖြင့် နားလည်မှုအတွက် အဓိကအချက် ဖြစ်လာခဲ့သည်။ လူ့အခွင့်အရေး နှင့် အင်တာနက် အကြောင်း နားလည်မှုအတွက် အရေးကြီးသည့် စဦးမှတ်မှာ လူ့အခွင့်အရေး စံများသည် အွန်လိုင်းလောကသို့လည်း သက်ရောက်သည်ဆိုသည့်အချက်ကို သက်သေခိုင်မာစေရန်ဖြစ်သည်။ ၂၀၁၂ ခုနှစ်၊ ဇွန်လတွင် ကုလသမဂ္ဂ လူ့အခွင့် အရေး ကောင်စီက " အွန်လိုင်းပြင်ပတွင် လူအများ ရရှိသည့် တူညီသော အခွင့်အရေးများ ကို အွန်လိုင်း အသုံးပြုစဥ်တွင်လည်း အကာအကွယ်ပေးရမည်။ အထူးသဖြင့် အထွေထွေ လူ့အခွင့်အရေး ကြေညာချက် အပိုဒ် ၁၉ နှင့် နိုင်ငံအခွင့်အရေး နှင့် နိုင်ငံရေး အခွင့်အရေးများ အပေါ် နိုင်ငံတကာ ပဋိညာဉ်စာချုပ် နှင့် အညီ နယ်နိမိတ် အပိုင်းအခြားများ (သို့မဟုတ်) တစ်စုံတစ်ဦးမှ ရွေးချယ်ထားသည့် မီဒီယာအမျိုးအစားတို့ဖြင့် သက်ဆိုင်မှုမရှိဘဲ အသုံးပြုနိုင်သည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အတွက်ဖြစ်သည်။" [၃] ဟုမှတ်ချက်ပေးခဲ့သည်။ ကုလသမဂ္ဂ အထွေထွေ ညီလာခံက ၂၀၁၃ ခုနှစ် ဆုံးဖြတ်ချက်တွင်[၄] ဤအချက်ကို အတည်ပြုခဲ့သည်။

အွန်လိုင်းတွင် လူ့အခွင့်အရေး ရှိကြောင်း သက်သေထူပြီးရုံမျှဖြင့် လူ့အခွင့်အရေး အတွက် အင်တာနက်၏အရေးပါမှုက အင်တာနက်သို့ရယူသုံးစွဲခွင့်ကိုယ်နှိုက်ကို လူ့အခွင့်အရေးအဖြစ် အသိအမှတ်ပြုရန် တောင်းဆိုမှုသို့ ဦးတည်ဆိုက်ရောက်စေခဲ့သည်။ [၅] အထူးသဖြင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်[၅] ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ဖြစ်သည်။ နိုင်ငံတော်နှင့် နိုင်ငံတကာအဆင့်နှစ်မျိုးလုံးတွင် ပို၍များပြားလာသော လူ့အခွင့်အရေး လုပ်ထုံးလုပ်နည်းများက အင်တာနက် ရယူသုံးစွဲခွင့်ကို အခွင့်အရေး တစ်ရပ်အဖြစ် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ အသိအမှတ်ပြုလာကြသည်။ အင်တာနက် ရယူသုံးစွဲခွင့်ကို ကန့်သတ်သည့် (သို့မဟုတ်) ငြင်းပယ်သည့် ဆောင်ရွက်မှုများသည် လူ့အခွင့်အရေးဆိုင်ရာ လေးနက်ပြင်းထန်သော စိန်ခေါ်မှုဖြစ်လာသည်။ ဤအချက်ကို ထောက်ပံ့သည့် အစောဆုံး အဆိုပြုချက်များကို (၂၀၀၁) ခုနှစ်က ဂရိနိုင်ငံ ၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပြုပြင်မှုတွင် အောက်ဖော်ပြပါ အပိုင်း၌ တွေ့နိုင် သည်။

> လူပုဂ္ဂိုလ်များအားလုံးသည် သတင်းအချက်အလက်ဆိုင်ရာ လူမှုအဖွဲ့အစည်းတွင် ပါဝင်ရန် အခွင့်အရေး ရှိသည်။ အီလက်ထရောနစ်နည်းဖြင့် ဖြန့်ဖြူးသော သတင်းအချက်အလက် များသို့ ရယူသုံးစွဲခွင့် အပြင် ထုတ်လုပ်မှု၊ ဖလှယ်မှုနှင့် ပျံ့နှံ့စေမှုစသည် တို့ကို လွယ်ကူချောမွေ့အောင်ထောက်ပံ့ပေးရန်မှာ နိုင်ငံတော်၏ တာဝန်ဝတ္တရား တစ်ခု[၆] အဖြစ် ပါဝင် သည်။ …

[၃] ဆုံးဖြတ်ချက် A/HRC/20/L.13 ၂၀၁၂၊ ဇွန်လ ၂၉ ရက်။ ဤဝက်ဘ်ဆိုက်တွင် ကြည့်ရှုနိုင်သည်။
www.ohchr.org/Documents/HRBodies/HRCouncil/RegularSession/Session20/A.HRC.20.L.13_en.doc.

[၄] ဆုံးဖြတ်ချက် A/C.3/68/L.45/Rev.1။ ၂၀၁၃ ၊ နိုဝင်ဘာလ ၂၆ ရက်။ ဤဝက်ဘ်ဆိုက်တွင် ကြည့်ရှုနိုင်သည်။
www.un.org/ga/search/view_doc.asp?symbol=A/C.3/68/L.45/Rev.1.

[၅] ဥပဒေ နှင့် ဒီမိုကရေစီရေးရာစင်တာ ၊ *ကမ္ဘာလုံးဆိုင်ရာပင့်ကူအိမ်ကွန်ရက် အစစ်အမှန်၊ အင်တာနက်ကို လူ့အခွင့်အရေးရှုထောင့်မှ အကဲဖြတ်ဆန်းစစ်ခြင်း* (Halifax- ဥပဒေ နှင့် ဒီမိုကရေစီရေးရာစင်တာ ၊၂၀၁၂)။ ဤဝက်ဘ်ဆိုက်တွင် ကြည့်ရှုနိုင်သည်။
www.law-democracy.org/wp-content/uploads/2010/07/final-Internet.pdf.

[၆] ပိုဒ်ခွဲ ၅က(၂) ဤဝက်ဘ်ဆိုက်တွင် ကြည့်ရှုနိုင်သည်။ www.hellenicparliament.gr/UserFiles/f3c70a23-7696-49db-9148-f24dce6a27c8/001-156%20aggliko.pdf.

အလားတူ သဘာတရား စကားလုံးများကို သုံးစွဲပြီး မက္ကဆီကိုနိုင်ငံ ကိုလီမာ ပြည်နယ်၏ ဖွဲ့စည်းပုံ ဥပဒေက သတင်းအချက်အလက် လူမှုအဖွဲ့အစည်းတွင်း ဝင်ရောက်ခွင့်ကို အကာအကွယ် ပေးထားသည်။ [7] ၂၀၀၀ ခုနှစ်တွင် အက်စတိုးနီးယား လွှတ်တော်က အင်တာနက် ရယူ သုံးစွဲခွင့်ကို နိုင်ငံသားများ၏ အခြေခံ လူ့အခွင့်အရေး[8] တစ်ခုအဖြစ် ကြေညာသည့် ဥပဒေကို ချမှတ် ပြဋ္ဌာန်းခဲ့သည်။ အင်တာနက် ရယူသုံးစွဲခွင့်ကို အားပေးရန်နှင့် အာမခံချက်ပေးရန် တပါတည်း ဖြစ်သည့် နိုင်ငံတော်၏ တာဝန်နှင့်အတူ အင်တာနက် ရယူသုံးစွဲခွင့် အခွင့်အရေးကို ၂၀၁၀ ခုနှစ် အုပ်ချုပ်ရေး ကာလအတွင်း ကော်စတာရီကာ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးမှ လည်း အသိ အမှတ် ပြုခဲ့သည်။ ဖင်လန်[10]၊ စပိန်[11]နှင့် ကနေဒါနိုင်ငံ အတွင်းမှ နိုဗာစကိုရှာ စီရင်စု [12] အပါအဝင် အရေအတွက် ပိုမို တိုးပွားလာနေသော တရားစီရင်ပိုင်ခွင့် နယ်မြေများစွာက အင်တာနက် ရယူ သုံးစွဲခွင့် ထောက်ပံ့ပေးသူများအပေါ် တပြေးညီ သက်ဆိုင်သော ဝန်ဆောင်မှုဆိုင်ရာ တာဝန် ဝတ္တရားများ ကို ချမှတ်လာကြသည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်[13] အတွက် နိုင်ငံတကာ ဆိုင်ရာ အထူးလုပ်ပိုင်ခွင့်၏ ၂၀၁၁ ခုနှစ် *လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် အင်တာနက်အပေါ် ပူးတွဲကြေညာချက်* ကလည်း အင်တာနက်ကို အများမှတပြေးညီ ရယူသုံးစွဲနိုင်မှု မြှင့်တင်ရန်မှာ နိုင်ငံများ၏ တာဝန်အဖြစ် အသားပေး ဖော်ပြခဲ့သည်။

> လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အပေါ် အကျိုးသက်ရောက်မှုရှိခြင်းကြောင့် နိုင်ငံအစိုးရ အနေဖြင့် အင်တာနက်ကို တပြေးညီ ရယူသုံးစွဲခွင့်ကို မြှင့်တင်ပေးရန် တာဝန်ဝတ္တရား တစ်ခု ကျရောက်လာသည်။ အင်တာနက် ရယူသုံးစွဲခွင့်သည် ပညာသင်ကြားခွင့်၊ ကျန်းမာရေး ဆိုင်ရာ အခွင့်အရေး နှင့် အလုပ်လုပ်ခွင့်၊ လွတ်လပ်စွာ စုဝေးခွင့်နှင့် အသင်းအဖွဲ့ ဖွဲ့စည်းခွင့် နှင့် လွတ်လပ်စွာ ရွေးကောက်ပိုင်ခွင့် [14] တို့ကဲ့သို့သော အခြားအခွင့်အရေး များအပေါ် လေးစားမှု တိုးမြှင့်စေရန်လည်း လိုအပ်သည်။

အားကောင်းခိုင်မာမှုသော ထုတ်ဖော်ပြောဆိုမှု ပတ်ဝန်းကျင် [15] တစ်ခုကိုထူထောင်ရန် လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်ကို နိုင်ငံများ၏ အပြုသဘောဆောင်သည့် တာဝန်ဝတ္တရား တစ်ခုအဖြစ် ချမှတ် ပြဋ္ဌာန်းရခြင်းဖြစ်ကြောင်း ကာလရှည်ကြာကပင် နားလည်ထားပြီးဖြစ်သော်လည်း အထူး သီးသန့် နည်းပညာ (သို့မဟုတ်) ဆက်သွယ်ရေးနည်းလမ်းသို့ ရယူသုံးစွဲခွင့်ကို လူ့အခွင့်အရေးတစ်ရပ်

---

[7] ပိုဒ်ခွဲ ၁(၄) ဤဝက်ဘ်ဆိုက်တွင် (စပိန်ဘာသာဖြင့်) ကြည့်ရှုနိုင်သည်။ info4.juridicas.unam.mx/adprojus/leg/7/218/.

[8] Colin Woodard ၊ "အက်စတိုးနီးယား၊ အွန်လိုင်း အဆက်အသွယ်ရှိခြင်းသည် လူ့အခွင့်အရေးတစ်ခု ဖြစ်နေသည့် နေရာ " ၊ ခရစ်ယာန် သိပ္ပံမော်နီတာ၊ ၂၀၀၃၊ဇူလိုင်လ ၁ရက်။ www.csmonitor.com/2003/0701/p07s01-woeu.html.

[9] Sentencia 12790: Expediente: 09-013141-0007-CO။ စာပိုဒ် ၅ ။ ဤဝက်ဘ်ဆိုက်တွင် (စပိန် ဘာသာဖြင့်) ကြည့်ရှုနိုင်သည်။ 200.91.68.20/pj/scij/busqueda/jurisprudencia/jur_repartidor.asp?param1=TSS&nValor1=1&nValor2=483874&strTipM=T&lResultado=1&pgn=&pgrt=&param2=1&nTermino=&nTesauro=&tem1=&tem4=&strLib=&spe=&strTem=&strDirTe.

[10] ဆက်သွယ်ရေး ဈေးကွက် အက်ဥပဒေ၊ ၃၆၃/၂၀၁၁၊ ပုဒ်မ ၆၀(၂) ဤဝက်ဘ်ဆိုက်တွင် ကြည့်ရှုနိုင်သည်။ www.finlex.fi/en/laki/kaannokset/2003/en20030393.pdf.

[11] ၂၀၁၁ ၏ ရေရှည်တည်တံ့သော စီးပွားရေး အက် ဥပဒေ၊ ပိုဒ်ခွဲ ၅၂။ ဤဝက်ဘ်ဆိုက်တွင် (စပိန်ဘာသာဖြင့်) ကြည့်ရှုနိုင်သည်။ www.boe.es/boe/dias/2011/03/05/pdfs/BOE-A-2011-4117.pdf.

[12] " အိတ်စ်လင့်ခ် ကုမ္ပဏီ ကျေးလက် ဘရော့ဒ်ဘန်း အင်တာနက် နောက်ဆုံးပြီးရမည့် ရက်စွဲ ရရှိပြီ" ကနေဒါသတင်းစာ။ ၂၀၁၄၊ ဖေဖော်ဝါရီလ ၊ ၂၀ ရက်။ ဤဝက်ဘ်ဆိုက်တွင် ကြည့်ရှုနိုင်သည်။ www.cbc.ca/news/canada/nova-scotia/eastlink-gets-rural-broadband-deadline-1.2545211.

[13] လွတ်လပ်စွာ သဘောထားခံယူပိုင်ခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်၊ ဥရောပတွင် လုံခြုံရေး နှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OSCE) ၏ မီဒီယာလွတ်လပ်ခွင့်ကိုယ်စားလှယ်၊ အမေရိကန်ပြည်နယ်များအဖွဲ့အစည်း (OAS) ၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ အထူး ကိုယ်စားလှယ် နှင့် လူသားနှင့်ပြည်သူ့အခွင့်အရေးအပေါ် အာဖရိကကော်မရှင် (ACHPR) ၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် နှင့် သတင်းအချက်အလက် ရယူပိုင်ခွင့်ဆိုင်ရာ အထူးကိုယ်စားလှယ်။ ၁၉၉၉ ခုနှစ် ကတည်းက ဤ အဖွဲ့အစည်းယန္တရားများသည် မတူကွဲပြားသော လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ အကြောင်းအရာများအပေါ် အာရုံစိုက်ပြီး ပူးတွဲကြေညာမှုကို ကျင့်သုံးခဲ့သည်။

[14] ၂၀၁၀၊ဇွန်လ ၁ ရက်။ ဤဝက်ဘ်ဆိုက်တွင် ကြည့်ရှုနိုင်သည်။ www.law-democracy.org/wp-content/uploads/2010/07/11.06.Joint-Declaration.Internet.pdf.

[15] ဥပမာ လွတ်လပ်စွာ သဘောထားခံယူပိုင်ခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့် အခွင့်အရေး အားပေးမြှင့်တင်ခြင်း နှင့် ကာကွယ်ခြင်းအပေါ် အထူးကိုယ်စားလှယ်၏ အစီရင်ခံစာတွင် ကြည့်ပါ။ ၂၀၁၁၊ မေလ ၁၆ ရက်။ A/HRC/17/27- စာပိုဒ် ၆၆။ ဤဝက်ဘ်ဆိုက်တွင် ကြည့်ရှုနိုင်သည်။ www2.ohchr.org/english/bodies/hrcouncil/docs/17session/A.HRC.17.27_en.pdf.

အဖြစ် စဉ်းစားခြင်းသည် ဆန်းသစ်ထူးခြားနေသည်ဟု ဆိုရမည်ဖြစ်သည်။ ထို့ကြောင့် အထက်တွင် ထောက်ပြခဲ့သော အသိအမှတ်ပြုမှုက ဆက်သွယ်ရေး ကြားခံနည်းလမ်းတစ်ခုအဖြစ် အင်တာနက်၏ ဆန်းသစ်ထူးခြားပြီး ကြီးမားစွာ ပြုပြင်ပြောင်းလဲနိုင်သော အလားအလာကို ပြဆိုနေသည်။ ထို့အပြင် ထောက်ပံ့ရန်လိုအပ်သည်ဟု ယူဆသော ခံစားချက်များ လူများအကြားတွင် သိသိသာသာ မြင့်တက်မှုက ဤရပ်တည်ချက် သဘောထားကို ထင်ရှားစေသည်။ ၂၀၁၀ ခုနှစ် တွင် BBC World Service ၏ လူထု သဘောထား စစ်တမ်းကောက်ယူမှုတွင် ကမ္ဘာအနှံ့မှ ၇၉% သော သူများသည် အင်တာနက်ရယူ သုံးစွဲခွင့်ကိုအခြေခံကျသော လူ့အခွင့်အရေးတစ်ခုအဖြစ် [၁၆] ယုံကြည်ကြောင်း တွေ့ရှိရသည်။

## ၁. အွန်လိုင်းတွင် ထုတ်ဖော်ပြောဆိုမှုကို ထိန်းချုပ်ခြင်းဆိုင်ရာ စိန်ခေါ်မှုများ

အင်တာနက် ပျံ့နှံ့လာခြင်းသည် ဥပဒေပြဋ္ဌာန်းမှု အသစ်ဖော်ထုတ်ခြင်း နှင့် ရှိရင်းစွဲ ဥပဒေများကို အလိုက်သင့် ပြင်ဆင်ခြင်း တို့အတွက် စိန်ခေါ်မှုများဖြင့် တွဲဖက် ဖြစ်ပေါ်လာသည်။ ရှင်းလင်း ထင်ရှားနေသည့် အချက်မှာ ဒစ်ဂျစ်တယ် အကူးအပြောင်းတွင် အကျိုးအမြတ် အပြည့်အဝ ရယူ နိုင်ရေးအတွက် ကမ္ဘာအနှံ့ရှိ အစိုးရများအနေဖြင့် ဥပဒေမူကြမ်းရေးဆွဲရန် အရေးတကြီး လိုအပ်ချက် ရှိနေသည်။ အချို့ တရားဥပဒေဆိုင်ရာ မူဘောင်များကို အွန်လိုင်း အဆက်အစပ်တွင် တိုက်ရိုက် အသုံးချနိုင်ခြင်း (သို့မဟုတ်) အသေးစားပြောင်းလဲမှု ပြုရုံဖြင့် အသုံးချနိုင်ခြင်း ရှိသော်လည်း အခြား မူဘောင်များတွင် ကြီးကြီးမားမား ဆီလျော်အောင် ပြုပြင်မှု လိုအပ်သည်။ ဤ နောက်ခံအခြေ အနေတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အပေါ် ရိုက်ခတ်သည့် မည်သည့် ဥပဒေပြုရေး မဆို အသိအမှတ်ပြုထားပြီးဖြစ်သော နိုင်ငံတကာလူ့အခွင့်အရေးစံများ အတိုင်း တညီတညွတ်တည်း ဖြစ်စေရန် သေချာစေဖို့မှာ အလွန်တရာ အရေးကြီးပါသည်။ ခံစားမှုကို ထုတ်ဖော်ဖွင့်ဟနိုင်သော ကြားခံနည်းလမ်းတစ်ခုအဖြစ် အင်တာနက်တန်ဖိုး၏ ကြီးမားသောအပိုင်းမှာ စည်းမျဉ်းထိန်းသိမ်းမှု လျော့ရဲသည့် နည်းလမ်းမှ တစ်ဆင့်သာ ထိန်းသိမ်းထားနိုင်မည့် အရည်အသွေးများ ဖြစ်သော ၎င်း၏ ပွင့်လင်းပြီး နိုင်ငံနယ်နိမိတ်မရှိသည့် သဘာဝမှ ပေါ်ထွက်လာခြင်း ဖြစ်သဖြင့် အထက်ပါ ကိစ္စမှာ အထူးတလည် အရေးကြီးသည်။ အင်တာနက် မှ စီးပွားရေး၊ ယဉ်ကျေးမှု နှင့် ခံစားချက် ထုတ်ဖော် ဖွင့်ဟမှု အကျိုးကျေးဇူးများ ရရှိခြင်းဖြင့် အတူ လူအများကို အွန်လိုင်းတွင် လွတ်လပ်စွာ ဆက်သွယ်ရန် ခွင့်ပြုရမည်ဖြစ်သည်။

ဤသို့ဆိုရသော်လည်း အင်တာနက်ကို ဥပဒေမဲ့ (သို့မဟုတ်) ထိန်းချုပ်မှု ကင်းမဲ့သော နေရာဖြစ် သင့်သည်ဟု ဆိုလိုခြင်း မဟုတ်ချေ။ သို့သော် ကြီးကြပ်ရေး အာဏာပိုင်များသည် အဆိုပြုထားသော ဥပဒေကြောင့် ဖြစ်လာနိုင်သည့် အကျိုးသက်ရောက်မှုများကို ဂရုတစိုက် စဉ်းစားသင့်သည်။ ယင်းသည် အခြားနိုင်ငံများနှင့် ယှဉ်လျှင် ရယူသုံးစွဲခွင့်နှုန်း နိမ့်ပါးသော နိုင်ငံများအတွက် အထူး မှန်ကန်သည်။ ညံ့ဖျင်းစွာ ရေးဆွဲထားသော ဥပဒေမူကြမ်းက အရေးယူခံရမှုအတွက် တဘက်သတ်

[၁၆] "အင်တာနက်ရယူသုံးစွဲမှုသည် အခြေခံကျသော အခွင့်အရေးဖြစ်သည်။" ဘီဘီစီ၊ ၂၀၁၀ ၊ မတ်လ ၈ ရက်။ ဤဝက်ဘ်ဆိုက်တွင် ကြည့်ရှုနိုင်သည်။ news.bbc.co.uk/1/hi/technology/8548190.stm.

ကြောက်ရွံ့စိတ် (chilling effect) ကိုဖြစ်လာစေသည့် အလားအလာရှိပြီး ထိုမှတစ်ဆင့် တစ်ဦးတစ်ယောက်ချင်းအနေဖြင့် ဝေဖန်ပြစ်တင်မှုမှ ရှောင်လွှဲရင်း အကျိုးဖြစ်ထွန်းစွာ အသုံးပြုနိုင်သည့် ဖုန်နေရာမှ ဝေးကွာအောင် ရှောင်ကွင်းမှုကို ဖြစ်လာစေမည်။ ထိုနိုင်ငံများတွင် နှိုင်းယှဉ်ချက်အရ ကြားခံမီဒီယမ်၏ ဆန်းသစ်မှုကြောင့် ထိုသို့ရှောင်ကွင်းရန် ကြောက်ရွံ့စိတ်မှာ ဆပွားကြီးထွားနေမည်ဖြစ်သည်။ ၂၀၁၆ ခုနှစ် ဖွန်လတွင် မြန်မာနိုင်ငံတွင် အင်တာနက် အသုံးပြုသူပေါင်း ၁၁ သန်းသာ ရှိသည်။ ၎င်းမှာ လူဦးရေ ၏ ၁၉% ခန့် သာ ရှိသည်။ [၁၇] ယှဉ်ကြည့်လျှင် ထိုင်းနိုင်ငံ တွင် အင်တာနက်အသုံးပြုသူမှာ နိုင်ငံ လူဦးရေ၏ ၆၀% ဝန်းကျင်အထိရှိသည်။ ကနေဒါတွင်တော့ ၎င်းကိန်းဂဏန်းမှာ ၉၃% ရှိပါသည်။

အဓိက အချက်မှာ ပုံမှန် (သို့မဟုတ်) သဘောရိုးဖြင့် လုပ်ဆောင်သည့် အင်တာနက် ပေါ်ရှိ အပြုအမူများအပေါ် ရာဇဝတ်ပြစ်မှုအဖြစ် သတ်မှတ်ပြီး လွန်ကဲပြင်းထန်သော ပြစ်ဒဏ်များ ချမှတ်သည့် ဥပဒေများ (သို့မဟုတ်) ဝေဝါးရောထွေးပြီး အလွဲသုံးစားပြုရန် လမ်းပွင့်နေသည့် ဥပဒေများကို ရှောင်ကြဉ်ရန် ဖြစ်သည်။ ဤ အဆင့်တွင် ထိုကဲ့သို့သော ဥပဒေများကို ချမှတ်လိုက်ပါက မြန်မာနိုင်ငံတွင် ရှင်သန်ဖြစ်ထွန်းနေသော အွန်လိုင်းသုံးစွဲသူများအသိုက်အဝန်း၏ ဖွံ့ဖြိုးရေးကို ထာဝရရပ်တန့်သွားစေနိုင်သည်။ ထိုမှတစ်ဆင့် အင်တာနက်မှ ထောက်ပံ့ပေးနိုင်ဖွယ်ရှိသော နိုင်ငံ၏ စီးပွားရေး၊ ယဉ်ကျေးမှု၊ လူမှုရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကျိုးကျေးဇူးများကို အပြည့်ဝဆုံး အဆင့်ထိ မရရှိနိုင်တော့ချေ။ ကံဆိုးစွာဖြင့် အချို့ မြန်မာနိုင်ငံ၏ ဥပဒေများ - အထူးသဖြင့် အီလက်ထရောနစ် ဥပဒေနှင့် ဆက်သွယ်ရေး ဥပဒေ - တို့ သည် နိုင်ငံတကာ လူ့အခွင့်အရေးစံများကို မမီချေ။

## ၂. ဆိုင်ဘာရာဇဝတ်မှု ဥပဒေများ

ဒစ်ဂျစ်တယ်နည်းပညာသုံးစွဲခံစားမှုဘဝ၏ အပေါင်း လက္ခဏာဆောင်မှု အနည်းဆုံး သက်ရောက်မှုများထဲမှ တစ်ခုမှာ အွန်လိုင်းလိမ်လည်မှုနှင့် ဆိုင်ဘာနည်းဖြင့် ချောင်းမြောင်း နှောင့်ယှက်မှု တို့ကဲ့သို့သော ဒစ်ဂျစ်တယ် နည်းပညာဆိုင်ရာ ရာဇဝတ်မှု အမျိုးအစားသစ်များ ပေါ်ထွက်လာခြင်းဖြစ်သည်။ ဤခြိမ်းခြောက်မှု များကို တိုက်ဖျက်ချေမှုန်းရန် ရည်ရွယ်ချက်ဖြင့် များစွာသော နိုင်ငံများသည် ဆိုင်ဘာရာဇဝတ်မှု များကို ဥပဒေ ပြဋ္ဌာန်းပြီးဖြစ်သည်။ ထိုကဲ့သို့သော ဥပဒေများကို စဉ်းစားသုံးသပ်သည့်အခါ များစွာသော အွန်လိုင်းရာဇဝတ်မှုများသည် ထင်ရသည်ထက် ပိုမိုသစ်ဆန်းနေခြင်း မဟုတ်သည့် အချက်ကို ထည့်တွက်ရန် အရေးကြီးသည်။ ဥပမာ - လိမ်လည်မှုသည် နိုင်ငံအတော်များများတွင် ရာဇဝတ်မှု မြောက်ပြီးဖြစ်သည်။ပြောင်းလဲဖြစ်ပေါ် လာသော အပြုအမူ အမျိုးအစားသစ်များကို ကိုင်တွယ်ရန် ဥပဒေ အာဏာတည်စေရေး နည်းစနစ် များနှင့် အဓိပ္ပါယ် ဖွင့်ဆိုချက်များကို အဆင့်မြှင့်တင်ရန် လိုအပ်ကောင်း လိုအပ်မည် ဖြစ်သော်လည်း တပြိုင်တည်းတွင် အများအားဖြင့် ဤခြိမ်းခြောက်မှုများကို တန်ပြန်တုံ့ပြန်ရန် လုံးဝအသစ်ဖြစ်သော ရာဇဝတ်မှု အမျိုးအစားသစ်များ ဖန်တီးသတ်မှတ်ရန် အကြောင်းမရှိပါ။ အထူးတလည် ပူပန်စရာကောင်းသည့်အချက်မှာ အချို့နိုင်ငံများတွင် အွန်လိုင်းတွင် ကျူးလွန်သော ရာဇဝတ်မှု များကို အွန်လိုင်း အသုံးမပြုဘဲ ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် ယှဉ်လျှင် ပြင်းထန်သော ပြစ်ဒဏ်များ

[၁၇] ဤဝက်ဘ်ဆိုက်တွင် ကြည့်ရှုနိုင်သည်။ www.internetworldstats.com/asia.htm.

ချမှတ်နိုင်သည့် ဥပဒေသစ်များ ပြဋ္ဌာန်းခြင်းကို ဦးတည်နေခြင်းဖြစ်သည်။ ရာဇဝတ်မှု ကျူးလွန်ရာတွင် အင်တာနက် အသုံးပြု၍လုပ်ဆောင်ခြင်းဖြစ်ရုံမျှဖြင့် ပို၍ ပြင်းထန်သော အပြစ် ဒဏ်ပေးရန် အဘယ်ကြောင့် ကျိုးကြောင်းခိုင်လုံသလဲ ဆိုသည့်အချက်ကို ရှင်းချက်ထုတ်ရန် မှာ ခက်ခဲသည်။ ဆိုင်ဘာရာဇဝတ်မှုဥပဒေသစ် ရေးဆွဲဖော်ထုတ်ရာတွင် ဥပဒေပြုသူများသည် သူတို့ကိုယ်သူတို့ ဦးစွာ မေးမြန်းသင့်သည့် အချက်များရှိသည်။ ပထမ အချက်မှာ မုန်းဆ မျှော်မြင် ထားသည့် ရာဇဝတ်မှုဆိုင်ရာ ချိုးဖောက်မှု အသစ်ဖန်တီး ခြင်းမှာ လိုမှ လိုအပ်ပါရဲ့လား ဆိုသည်ကို ပြန်လည်မေးမြန်းရန်ဖြစ်သည်။ ဒုတိယ တစ်ချက်မှာ ပြစ်ဒဏ်ချမှတ်မှုများသည် ကျူးလွန်မှုနှင့် လျော်ညီစွာ အချိုးကျ မျှတမှုရှိပြီး ရှိရင်းစွဲ ဥပဒေ များနှင့် လူ့အခွင့်အရေးဆိုင်ရာ စံများနှင့် ညီညွတ်သလား ဆိုသည် ကို မေးမြန်းရန်ဖြစ်သည်။

ဥပဒေပြဋ္ဌာန်းမှုအသစ် လိုအပ်ပါက တားမြစ်ထားသော အပြုအမူများကို ဂရုတစိုက် အဓိပ္ပါယ် သတ်မှတ်ရန်လည်း အရေးကြီးသည်။ မူကြမ်းရေးဆွဲသည့် လုပ်ငန်းစဉ်များတွင် နည်းပညာဆိုင် ရာ ကျွမ်းကျင်သူများ၊ လူ့အခွင့်အရေး အသိုင်းအဝန်းမှ သူများနှင့် အခြား အဓိက ပါဝင် ဆက်စပ် ပတ်သက်သူ များထံမှ ပေးသွင်းမှုများကိုလည်း ပါဝင်စေသင့်သည်။ သို့မှသာ ရိုးဖြောင့်သော (သို့မဟုတ်) အန္တရာယ် မပေးသော အပြုအမူများ ကိုပါ ဥပဒေတွင် တားဆီးမှု မပြုမိဘဲ ရှိမည် ဖြစ်သည်။ မကြာခဏ ဆိုသလို ထိုကဲ့သို့သော အမှားများမှာ အွန်လိုင်းဆက်သွယ်ရေးများ၏ နယ်ပယ်အကျယ်အဝန်း နှင့် သဘောသဘာဝကို အပြည့်အဝနားလည်မှု မရှိသည့် မူဝါဒ ချမှတ်သူများ အကြား ကျွမ်းကျင်မှု မရှိခြင်း၏ ရလဒ်ဖြစ်သည်။

## ၃. အွန်လိုင်း အသရေဖျက်မှု

အွန်လိုင်း အပြန်အလှန်ဆက်သွယ်မှုများ၏ မည်သူမည်ဝါ ခွဲခြားနိုင်ခြင်း မရှိသော သဘာဝက အသုံးပြုသူများအား မကြာခဏဆိုသလို သူတို့ ပြောဆိုလိုသည် များကို ထိန်းထိန်းသိမ်းသိမ်း မရှိဘဲ ပိုမို ပြောဆိုလာစေသည်။ ဤကိစ္စအတွက် အပြုသဘောဆောင်သော ရှုထောင့်များရှိသည်။ ဥပမာ - အများပြည်သူ အကျိုးစီးပွားဆိုင်ရာ ကိစ္စရပ်များကို စကားစစ်ထိုးခြင်း၊ လူကြိုက်များမှု မရှိသော (သို့မဟုတ်) သမားရိုးကျ အသိပညာကို စိန်ခေါ်သော ထင်မြင်ချက်များ ထုတ်ဖော်ပြောကြားခြင်း ကို အားပေးခြင်းသည် လူမှုရေးအရ ကောင်းကျိုးဖြစ်ပေါ်စေသည်။ ဤသို့ ကောင်းကျိုးပြုမှု၏ အခြား တစ်ဖက်တွင်မူ အွန်လိုင်း စကားပြောဆိုမှုများသည် ပိုမိုကြမ်းတမ်းသော (သို့မဟုတ်) ရိုင်းစိုင်း ရမ်းကားသော အပြုအမူများသို့ ထိုးဆင်းသွားနိုင်သည်။ (သို့မဟုတ်) လူများအတွက် ခြိမ်းခြောက်ရန် (သို့မဟုတ်) အသရေဖျက်သည့် ထုတ်ဖော်ပြောဆိုမှုများ ပြုလုပ်ရန် ပိုမိုလွယ်ကူသည်ဟု ခံစား လာရမည်ဖြစ်သည်။

လူ့အခွင့်အရေးများသည် အင်တာနက်အပေါ်တွင် သက်ရောက် သက်ဆိုင်မှုရှိသကဲ့သို့ စကား ပြောဆိုမှုကို ထိန်းကျောင်းသည့် ဥပဒေလည်း သက်ရောက်မှုရှိမည်ဖြစ်သည်။ အသရေဖျက်မှုသည် အွန်လိုင်းအသုံးမပြုဘဲ ပြုလုပ်ခြင်းမဟုတ်ဘဲ အွန်လိုင်းပေါ်တွင် ပြုလုပ်သည့် အခြေအနေတွင်လည်း

ပိုမိုထူးကဲ၍ လက်ခံနိုင်ဖွယ် မရှိပါ။ သို့သော် ဂုဏ်သိက္ခာကို ကာကွယ်ရန် စည်းမျဉ်းများ ဖန်တီး ခြင်းနှင့် အာဏာတည်စေခြင်းသည် တရားဝင်သော်လည်း နိုင်ငံတကာ လူ့အခွင့်အရေးစံများ အရ အသရေဖျက်မှုသည် ရာဇဝတ်ပြစ်မှုဆိုင်ရာ ဥပဒေ မဟုတ်ဘဲ တရားမ,မှု ဆိုင်ရာ ဥပဒေများ ဖြစ်ရန် လိုအပ်ပါသည်။ ဤသည်မှာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် အတွက် တရားမ,မှု ဆိုင်ရာ ဥပဒေများက လုံလောက်သည့် အကာအကွယ် ထောက်ပံ့ပေးသည်ကို ထည့်တွက်လျှင် ရာဇဝတ်မှု မြောက်သော အသရေဖျက်မှု ဥပဒေများသည် "လိုအပ်သည်" ဟု ရှင်းလင်းချက် ထုတ်မပေးနိုင် ဟူသော အယူအဆပေါ် အခြေခံသည်။[၃၈] ၂၀၁၁ ခုနှစ် စက်တင်ဘာလတွင် နိုင်ငံအစိုးရများမှ သူတို့၏ ICCPR တာဝန်ဝတ္တရားများနှင့် ကိုက်ညီ လိုက်နာမှုရှိကြောင်း ကြီးကြပ်ရန် တာဝန်ရှိသည့် တရားဝင်အဖွဲ့ဖြစ်သော ကုလသမဂ္ဂလူ့အခွင့်အရေး ကော်မတီ၏ အထွေထွေ မှတ်ချက်အရ -

> နိုင်ငံများ၏ အစိုးရပိုင်းမှ အဖွဲ့များသည် အသရေဖျက်မှုကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ခြင်းမှ ဖြေလျော့ရန် စဉ်းစားသင့်ပြီး မည်သည့် ကိစ္စတွင် မဆို ရာဇဝတ်မှုဆိုင်ရာ ဥပဒေကို အသုံးပြုရာတွင် အဆိုးဝါးဆုံး ကိစ္စများ၌သာ သဘောတူသင့်သည်။ ထောင်ဒဏ်သည် မည်သည့်အခါမျှ သင့်တော်သော ပြစ်ဒဏ် ဖြစ်လာမည် မဟုတ်ကြောင်း ထောက်ခံသင့်သည်။ [၃၉]

အရှေ့တီမော၊ ဂျော်ဂျီရာ၊ ဂါနာ၊ သီရိလင်္ကာ၊ ယူနိုက်တက် ကင်းဒမ်နှင့် အမေရိကန် ပြည်ထောင်စု အပါအဝင်များစွာသော ဒီမိုကရေစီနိုင်ငံများက ရာဇဝတ်မှုဆိုင်ရာ အသရေဖျက်မှုကို ပယ်ဖျက်ခဲ့ပြီးဖြစ်သည်။ ထိုအတောအတွင်း အခြားနိုင်ငံများက အသရေဖျက်မှုအတွက် ထောင်ချခြင်း ဖြစ်နိုင်ခြေကို ဖယ်ရှားပြီး ဖြစ်သည်။ ယင်းအတွက်ကြောင့် အသရေဖျက်သည့် အကြောင်းအရာများ ပုံနှိပ်ဖြန့်ဝေခြင်း တိုးပွားမှုသို့ ဦးတည်သွားကြောင်း ညွှန်ပြနေသည့် သက်သေ အထောက်အထား တစ်စုံတစ်ရာ မရှိချေ။ အသရေဖျက်မှုကို တရားမ,မှု ဆိုင်ရာ ဥပဒေတားမြစ်မှု ဟူသည် ကြားဝင်နှောင့်ယှက်မှု နည်းသော အရေးယူဆောင်ရွက်မှုသည် အမည်ဂုဏ်သတင်းကို ကာကွယ်ရာတွင် ထိရောက်မှုရှိသည် ဆိုပါက ရာဇဝတ်မှုဆိုင်ရာ အသေရေဖျက်မှု ဟူသည့် ပိုမို၍ ကြားဝင်နှောင့်ယှက်မှု ကြီးသော အရေးယူဆောင်ရွက်မှုကျင့်သုံးခြင်းမှာ သင့်မြတ်မှုမရှိပါ။

ဒစ်ဂျစ်တယ်လောကသို့လည်း တူညီစွာ သက်ရောက်မှုရှိသည့် အခြား ကျယ်ပြန့်စွာ အသိအမှတ်ပြုထားသော အသရေဖျက်မှု ဥပဒေ အခြေခံသဘောတရားမှာ အသရေဖျက်မှုအတွက် ကုစားဖြေရှင်းမှုသည် အကန့်အသတ် ရှိသင့်ပြီး အချိုးအစား ကျသင့်သည် ဟူသည့်အချက်ဖြစ်သည်။ အကယ်၍ နစ်နာသူက သူသည် ဥပမာအားဖြင့် စီးပွားရေးလုပ်ငန်းအပေါ် တိုက်ရိုက်ထိခိုက်ကြောင်း (သို့မဟုတ်) အမှန်တကယ်ငွေကြေးဆုံးရှုံးကြောင်း ပြသနိုင်ခြင်း မရှိပါက စာဖြင့်ရေးသားထားသည့် ပြန်လည် ရုပ်သိမ်းခြင်း (သို့မဟုတ်) တောင်းပန်ခြင်း (သို့မဟုတ်) ပမာဏ အနည်းငယ်သော ငွေကြေးအလျော်ပေးခြင်းတို့သည် အမြဲအားဖြင့်လုံလောက်သည်။ အသရေဖျက်မှုသည် သဘောသဘာဝ အားဖြင့် တရားမ,မှု ဖြစ်သင့်သည်ဟူသော သဘောတရား နှင့်အတူ ဤအချက်က မည်သည့် အခြေအနေတွင်မှ အသရေဖျက်မှုအတွက် ထောင်ဒဏ်ချမှတ်သည့် ပြစ်ဒဏ် ချမှတ်ရန် ကျိုးကြောင်း ခိုင်လုံ လျော်ကန်မှု မရှိကြောင်း ညွှန်းဆိုနေသည်။ အဘယ်ကြောင့်ဆိုသော်

---

[၃၈] လွတ်လပ်စွာ သဘောထားခံယူပိုင်ခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့် အပေါ် ကုလသမဂ္ဂ အထူးကိုယ်စားလှယ်၊ မီဒီယာလွတ်လပ်ခွင့်အပေါ် OSCE ကိုယ်စားလှယ် နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှု အပေါ် OAS အထူးကိုယ်စားလှယ် တို့၏ ပူးတွဲကြေညာချက်။ ၂၀၀၂၊ ဒီဇင်ဘာလ။ www.cidh.oas.org/relatoria/showarticle.asp?artID=87&lID=1.

[၃၉] အထွေထွေမှတ်ချက် နံပါတ်. ၃၄ ၊ ၂၀၁၁ ၊စက်တင်ဘာလ ၁၂ ရက်။ CCPR/C/GC/34 စာပိုဒ် ၄၇

ထိုကဲ့သို့သော ဖိနှိပ်ချုပ်ချယ်သော ပြစ်ဒဏ်များမှာ ဂုဏ်သိက္ခာကို ကာကွယ်ရန် မလိုအပ်သောကြောင့် ဖြစ်သည်။

အသရေဖျက်မှု နှင့် ပတ်သက်၍ အခြားအရေးပါသော စံသတ်မှတ်ချက်မှာ အစိုးရအဖွဲ့ အစည်းများဘက်မှ အသရေဖျက်မှု နှင့် ပတ်သက်ပြီး တရားစွဲရန် ခွင့်ပြုချက်မပေးသင့်ပေ။ သူတို့၏ လုပ်ဆောင်မှုများအပေါ် လွတ်လပ်ပြီး ပွင့်လင်းသော ဝေဖန်မှုမှာ ဒီမိုကရက်တစ် လုပ်ထုံး၏ အရေးပါသည့် အပိုင်း ဖြစ်သည့်အတွက်ပင်။ အစိုးရတာဝန်ရှိသူများသည် သူတို့၏ ဂုဏ်သိက္ခာကို ကာကွယ်ရန် အသရေဖျက်မှု အမှုကို စွဲဆိုရန် ရပိုင်ခွင့် ရှိပါသည်။ သို့သော် သူတို့၏ ရပ်တည်မှု အနေအထားအရ သူတို့သည် ဝေဖန်မှုအပေါ် အတိုင်းအတာ ပိုမိုကြီးမားစွာဖြင့် သည်းခံရန် လိုအပ်သည်။

### ၅. အီလက်ထရောနစ် ဥပဒေ နှင့် ဆက်သွယ်ရေးဥပဒေ

ယခင်အပိုင်းများတွင် အသေးစိတ် ရှင်းလင်းပြီးဖြစ်သည့် စံနှုန်းများအတိုင်း ထည့်သွင်းစဉ်းစားမည်ဆိုလျှင် အွန်လိုင်းပေါ်တွင် မှတ်ချက်ရေးခြင်းမှ ဖြစ်ပွားလာသည့် အမှုများစွာကို ပေါ်ပေါက်လာစေသည့် မြန်မာနိုင်ငံ အီလက်ထရောနစ်ဥပဒေသည် ပြဿနာ အချို့ရှိပါသည်။

အီလက်ထရောနစ် ဥပဒေ ၃၃(က) တွင် "နိုင်ငံတော်၏လုံခြုံရေး (သို့မဟုတ်) တရားဥပဒေစိုးမိုးရေး နှင့် တည်ငြိမ်ရေး (သို့မဟုတ်) ရပ်ရွာအေးချမ်းသာယာရေး ကို ထိခိုက်ပျက်ပြားစေသော မည်သည့် အပြုအမူကိုမဆို " ပြုလုပ်ရန် အလို့ငှာ အီလက်ထရောနစ်နည်းပညာကို သုံးစွဲကြောင်းတွေ့ရှိရသည့် မည်သူကိုမဆို အနိမ့်ဆုံး ထောင်ဒဏ် ၇ နှစ် ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၃၈ တွင် ဤပြစ်ဒဏ်ကို ဤဥပဒေပါ ပြစ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ရန် "အားထုတ်သူ" (သို့မဟုတ်) "ပူးပေါင်းကြံစည်၍ ပြစ်မှုမြောက်အောင်ပြုလုပ်သူ" (သို့မဟုတ်) "အားပေးကူညီသူ" မည်သူ့ အတွက်မဆို ကျခံစေရန် ချဲ့ထွင်ထားသည်။

ဤပြဋ္ဌာန်းချက်မှာ နိုင်ငံတကာလူ့အခွင့်အရေး စံနှုန်းများနှင့် ဆီလျော်ကိုက်ညီရန်အတွက် အလွန်တရာ ကျယ်ပြန့်လွန်းနေသည်။ အကြောင်းမှာ "နိုင်ငံတော်၏လုံခြုံရေး" နှင့် "ရပ်ရွာ အေးချမ်းသာယာရေး" ဟူသည့် စကားရပ်များကို အဓိပ္ပါယ် ဖွင့်ဆိုသတ်မှတ်ထားခြင်းမရှိဘဲ တရားဥပဒေဘောင်ဝင်သည့် ကျယ်ပြန့်များမြောင်သော ဝေဖန်မှု နှင့် အခြားလုပ်ဆောင်မှုများသို့ ချဲ့ထွင်နိုင်သောကြောင့် ဖြစ်သည်။ ထို့အပြင် လုံခြုံရေး (သို့မဟုတ်) တရားဥပဒေ စိုးမိုးရေး နှင့် တည်ငြိမ်ရေးသို့ "ထိခိုက်ပျက်ပြားစေသည်" ဟုယူဆနိုင်သည့် ထုတ်ဖော်ပြောဆိုမှု အားလုံးကို ရာဇဝတ်မှုအဖြစ်သတ်မှတ်ခြင်းသည် လွန်လွန်ကဲကဲ ကန့်သတ်ချုပ်ချယ်ရာရောက်ပြီး လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် နှင့် လုံခြုံရေး/တည်ငြိမ်ရေး တို့အကြား သင့်လျော်သော ဟန်ချက်မျှမှုကို ချိန်ဆသတ်မှတ်ရန် ပျက်ကွက်ခဲ့သည်။ ရဲများအနေဖြင့် ညှံ့ဖျင်းသော ရာဇဝတ်မှု စုံစမ်း ထောက်လှမ်းရေး နည်းစနစ်များ သုံးနေသည့်အကြောင်း စွပ်စွဲသည့်ဆောင်းပါးတစ်ပုဒ် ရေးသားခြင်း သည်

တည်ငြိမ်ရေးကို ထိခိုက်ပျက်ပြားစေသည်ဟု သတ်မှတ်ယူဆနိုင်သော်လည်း ၎င်းမှာ ဥပဒေဘောင်ဝင်ကြောင်း လုံး၀ ရှင်းလင်းပါသည်။

ပုဒ်မ ၃၈ က ဤ တားမြစ်ချက်ကို ပြစ်မှုကျူးလွန်မှုအတွင်း ပူးပေါင်းကြံစည်သူ (သို့မဟုတ်) အားပေးကူညီသူအပေါ်အထိ ကျရောက်အောင် ချဲ့ထွင်သည့် အချက်က ဤဥပဒေ၏ လက်မခံနိုင်လောက်အောင် ကျယ်ပြန့်စွာ အသုံးချ နိုင်ပြီးသားဖြစ်သော နယ်ပယ်ကို ပို၍ ကျယ်ပြန့်လာစေသည်။ ဥပမာအားဖြင့် တာဝန်ရှိသည့်အပိုင်းကို ဝေဖန်သည့် အမြင်များ ဖော်ပြသည့် လူမှုကွန်ရက်တစ်ခု (သို့မဟုတ်) ဆက်သွယ်ရေးကို ဖြစ်မြောက်ချောမွေ့အောင် ထောက်ပံ့ပေးသည့် အခြေခံအဆောက်အအုံပိုင်သည့် ဆက်သွယ်ရေး ကုမ္ပဏီများ အထိသို့ပင် ချဲ့ထွင်ရန် ဖြစ်နိုင်ခြေရှိသည်။ အွန်လိုင်းကွန်ရက်များ၏ အပြန်အလှန်ဆက်သွယ်နေသည့် သဘောသဘာဝကြောင့် အီလက်ထရောနစ်ဥပဒေ ပြဋ္ဌာန်းချက်ကို ချိုးဖောက်ကြောင်း တွေ့ရသည့် သတင်းစကားများ ဖြန့်ဖြူးမှုကို ကူညီရာတွင် ပူးပေါင်းကြံစည်မှုအဖြစ် နိုင်ငံအတွင်းမှ ဆက်သွယ်ရေးဝန်ဆောင်မှုပေးသည့် ကုမ္ပဏီတိုင်းနီးပါးသည် တရားစွဲဆိုခံရနိုင်သည်ဟု အဓိပ္ပါယ် သက်ရောက်နေသည်။ ယင်းမှာ ဥပဒေပြုသူများ အကြား သက်ဆိုင်ရာနယ်ပယ် နှင့် ပတ်သက်ပြီး တတ်ကျွမ်းနားလည်မှု ကင်းမဲ့ခြင်းကြောင့် ဥပဒေမူကြမ်းကို ညံ့ဖျင်းစွာ ရေးဆွဲနိုင်သည်ဟူသော အထက်တွင် ထောက်ပြခဲ့သည့် အချက်၏ ထင်ရှားသော သရုပ်ပြမှု ဖြစ်နိုင်ပါသည်။ သတင်းစကားများအား ဖယ်ရှားရန် (သို့မဟုတ်) စစ်ထုတ်ရန် လက်တွေ့ဖြစ်နိုင်သော နည်းလမ်းများ ရှိမထားသည့် ရှိရှိသမျှသော အင်တာနက်ဝန်ဆောင်မှုပေးသူ (Internet Service Provider) တိုင်းအထိ တာဝန်ခံမှုကို ချဲ့ထွင်ရန် ဥပဒေပြုသူများက ရည်ရွယ်ထားခြင်း ဖြစ်နိုင်စရာမရှိပါ။ သို့ရာတွင် ဥပဒေကို ဤနည်းလမ်းဖြင့် အာဏာတည် သက်ရောက်စေခြင်း မရှိလျှင်ပင် ၎င်းရှိနေခြင်း နှင့် ၎င်း၏ ရလဒ်အဖြစ် ဤကဏ္ဍမှ တရားဝင် ရင်ဆိုင်ရသည့် ပြင်းထန်သော ရာဇဝတ်မှု ပြစ်ဒဏ် ကျရောက်နိုင်သည့် အန္တရာယ်တို့သည် အလွန်တရာ ပြဿနာ ဖြစ်လာစေသည်။

ပုဒ်မ ၃၃(ခ) အရ "နိုင်ငံတော်၏လုံခြုံရေး (သို့မဟုတ်) ဥပဒေစိုးမိုးရေး နှင့် တည်ငြိမ်ရေး (သို့မဟုတ်) ရပ်ရွာအေးချမ်းသာယာရေး (သို့မဟုတ်) အမျိုးသားစည်းလုံးညီညွတ်ရေး (သို့မဟုတ်) အမျိုးသား စီးပွားရေး (သို့မဟုတ်) အမျိုးသားယဉ်ကျေးမှု ၏ လျှို့ဝှက်ချက်များနှင့် ဆက်နွယ်ရာ " သတင်းအချက်အလက် ကို လက်ခံသူ ၊ ပို့ဆောင်သူ (သို့မဟုတ်) ဖြန့်ဖြူးသူ မည်သူမဆို ရာဇဝတ်ပြစ်မှုမြောက်သည်ဟု ပြဋ္ဌာန်းထားခြင်း သည်လည်း အလွန်တရာ ပြဿနာဖြစ်စေပါသည်။ ယေဘုယျ ပြောရလျှင် သတင်းအချက်အလက် *လက်ခံရရှိသူ* ကို ရာဇဝတ်မှု ပြစ်ဒဏ် ကျသင့်စေသည့် လျှို့ဝှက်ဥပဒေသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် အတွက် ပူပန်မှုများဖြစ်ပေါ်လာစေသည်။ ပေါက်ကြားမှုများသည် တစ်ကမ္ဘာလုံး အတိုင်းအတာအရ ပိုတိုးပြီး ကြုံတွေ့လာရသည့် အပိုင်းဖြစ်လာပြီး မကြာခဏဆိုသလို မတရားမှုများ ဖော်ထုတ် အသိပေးသည့် ဥပဒေများ (whistleblowing laws) တွင်အသိအမှတ်ပြုထားသည့် အရေးပါသော အများပြည်သူဆိုင်ရာ လုပ်ငန်းဆောင်တာကို ဆောင်ရွက်ပေးသည်။ သတင်းအချက်အလက် ရယူရန် ကွန်ပျူတာစနစ် တစ်ခုကို ချိုးဖောက်ဝင်ရောက်သူ (သို့မဟုတ်) ၎င်းကို လက်ခံရန်အခွင့်ရှိသူထက်

ကျော်လွန်ပြီး သတင်းအချက်အလက် မျှဝေသူ ( တနည်း သတင်းပေါက်ကြားမှုအတွက် တာဝန်ရှိသူ) အပေါ် ပြစ်ဒဏ်ချမှတ်ခြင်းမှာ ကျိုးကြောင်းဆီလျော်သည့် ကိစ္စတစ်ခုဖြစ်သည်။ သို့ရာတွင် စာနယ်ဇင်း သမားများသည် တရားစွဲခံရမည်ကို ကြောက်ရွံ့စရာ မလိုဘဲ သတင်း အချက်အလက်ကို လက်ခံရန် ခွင့်ပြုပေးသင့်ပြီး တတိယအဖွဲ့များမှ သူတို့ လက်ခံရရှိသည့် သတင်းအချက်အလက်များကို တင်ပြရန် ခွင့်ပြုပေးသင့်သည်။ ထို့အပြင် ဖြန့်ဖြူးသူများ ပါဝင်ကြောင်း အတိအလင်း ဖော်ပြခြင်းအားဖြင့် ပုဒ်မ ၃၃(ခ) သည် ဆက်သွယ်ရေးဝန်ဆောင်မှု ထောက်ပံ့ပေးသူများ နှင့် အခြား အွန်လိုင်းပလက်ဖောင်းများကို ပုဒ်မ၃၃(က) ထက်ပင် ပို၍ တိုက်ရိုက်ကျစွာ အကျုံးဝင်စေ သည်။ ထို့ကြောင့် အထက်တွင်ထောက်ပြခဲ့သော ပြဿနာများသည် ဤနေရာတွင်လည်း သက်ဆိုင်သည်။

ပုဒ်မ ၃၃(ခ) သည် အကျင့်ပျက်ခြစားမှု၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု (သို့မဟုတ်) ကျန်းမာရေး နှင့် ဘေးကင်းလုံခြုံရေးသို့ ခြိမ်းခြောက်မှု တို့ကို ကာကွယ်ရာတွင် အရေးပါနိုင်သည့် မတရားမှုများ စုံစမ်းဖော်ထုတ်သတိပေးသည့် whistleblowing ၏ အရေးကြီးသောအခန်းကဏ္ဍကို အသိအမှတ်ပြုရန်လည်း ပျက်ကွက်နေသည်။ ဤကဲ့သို့သော လျှို့ဝှက်ချက်ဖွင့်ချမှုမျိုးမှာ အများအားဖြင့် အခွင့်မရသလို အမြဲတမ်းနီးပါး အီလက်ထရောနစ် နည်းဖြင့်သာ ဖြန့်ဝေသည်။ အများသူငါ အကျိုးအတွက် ဖော်ထုတ်သတိပေးသူ (whistleblowers) များကို ဘေးရန်ကာဆီးပေးရန် လိုအပ်ချက်သည် ကုလသမဂ္ဂ *အကျင့်ပျက်ခြစားမှုဆန့်ကျင်ရေး ကွန်ဗန်းရှင်း သဘောတူညီချက်* ၏ အပိုဒ် ၃၃ ဖြင့် ကိုက်ညီပြီး နိုင်ငံ အစိုးရများ အနေဖြင့် အကျင့်ပျက်ခြစားမှုအကြောင်း သတင်းအချက်အလက်ကို "ရိုးဖြောင့်သောသဘော နှင့် အကျိုးအကြောင်း ခိုင်လုံသောရပ်တည်ချက် " ဖြင့် ဖွင့်ချပြသူများ အတွက် အကာအကွယ်ပေးမှုကို သူတို့၏ ဥပဒေစနစ်အတွင်း ပေါင်းစည်းထည့်သွင်းရန် စဉ်းစား သင့်ကြောင်း တောင်းဆိုထားသည်။ [၂၀]

ပုဒ်မ ၃၄(ခ) အရ "မူလဆောင်ရွက်ပေးပို့သူ နှင့် လက်ခံသူ နှစ်ဦးစလုံး၏ ခွင့်ပြုချက်မရဘဲ ကွန်ပျူတာကွန်ရက်တစ်ခုအတွင်း ဆက်သွယ်မှုတစ်ခုခုကို ကြားဖြတ်ခြင်း၊ ဆက်သွယ်မှုတစ်ခုခုတွင် ပါဝင်သည့် အချက် တစ်ရပ်ရပ်ကို အသုံးပြုခြင်း (သို့မဟုတ်) အခြားသူတစ်ဦးဦးသို့ ထုတ်ဖော်ခြင်း " ကို ရာဇဝတ်မှုမြောက်သည်ဟု သတ်မှတ်ခြင်းသည်လည်း ပြဿနာ ဖြစ်စေသည်။ ယင်း ပြဋ္ဌာန်းချက် အရ ဆိုပါက အသုံးများပြီးလုံးဝ ဘေးအန္တရာယ်မပြုသည့် အီးမေးလ်ကို တစ်ဆင့်ကမ်း ပေးခြင်း (forwarding) အလေ့အထသည် ရာဇဝတ်မှုမြောက်သည့်ပုံ ပေါ်နေပါသည်။ ဘေးဒုက္ခဖြစ်စေနိုင် သည်ဆိုရာတွင်လည်း မူလဆောင်ရွက်ပေးပို့သူ နှင့် လိပ်မူရည်ညွှန်းခံရသူ နှစ်ဦးစလုံးက ခွင့်ပြုချက် မပေးမှသာ ဖြစ်နိုင်ပြီး ထိုကိစ္စများမှာလည်း အလွန်တရာ ရှားပါးပါသည်။

အီလက်ထရောနစ်ဥပဒေ၏ ပြဿနာအဖြစ်ဆုံး ဟုဆိုနိုင်ပြီး လူသိများ ကျော်ကြားကာ အလွဲသုံးစား ပြုသည့် တရားစွဲဆိုမှုများစွာ ဖြစ်စေခဲ့သည့် ပြဋ္ဌာန်းချက်မှာ ပုဒ်မ၃၄(ဃ) ဖြစ်သည်။ ယင်းက "အဖွဲ့အစည်း တစ်ခုခု (သို့မဟုတ်) ပုဂ္ဂိုလ်တစ်ဦးဦးကို ထိခိုက်နစ်နာစေရန်ဖြစ်စေ၊ ဂုဏ်သိက္ခာ ကျဆင်းစေရန်ဖြစ်စေ သတင်းအချက်အလက်တစ်ခုခုကို အီလက်ထရောနစ် နည်းပညာဖြင့် ပြုလုပ်ခြင်း၊ ပြုပြင်ခြင်း (သို့မဟုတ်) ပြောင်းလဲခြင်း ၊ထိုသို့ ပြုလုပ်ခြင်း၊ပြုပြင်ခြင်း၊ပြောင်းလဲခြင်း

[၂၀] အထွေထွေညီလာခံ ဆုံးဖြတ်ချက် ၂၀၀၃၊ အောက်တိုဘာလ ၃၁ ရက် ၏ ၅၈/၄ ။ ၂၀၀၅ ၊ ဒီဇင်ဘာလ ၁၄ ရက်တွင် အာဏာတည်သက်ရောက်သည်။ ဤဝက်ဘ်ဆိုက်တွင် ကြည့်ရှုနိုင်သည်။ https://www.unodc.org/unodc/en/treaties/CAC/.

ပြုလုပ်ထားသည့် သတင်းအချက်အလက်ကို ဖြန့်ချီခြင်း " ကို ရာဇဝတ်ပြစ်မှုမြောက်ကြောင်း ပြဌာန်းထားပါသည်။

မြန်မာနိုင်ငံ ပြစ်မှုဆိုင်ရာဥပဒေ က အသရေဖျက်မှုအတွက် ထောင်ဒဏ် ၂ နှစ် အထိ ချမှတ်ရန် ပြဌာန်းပေးထားပြီးဖြစ်သည်။ ထို့ကြောင့် အီလက်ထရောနစ် ဥပဒေအတွင်း သီးခြား အသရေဖျက်မှု ဥပဒေ မလိုအပ်တော့ပါ။ အလွန်ဆုံး အသရေဖျက်မှုဆိုင်ရာ ပြဌာန်းချက်များသည် ဒစ်ဂျစ်တယ် ဆက်သွယ်ရေးသို့လည်း သက်ရောက်ကြောင်း ရှင်းရှင်းလင်းလင်း ဖော်ပြရန် အနည်းငယ် ပြင်ဆင်မှုသာ လိုအပ်နိုင်သည်။ အထက်တွင် ထောက်ပြခဲ့သည့်အတိုင်း ပြစ်မှုဆိုင်ရာဥပဒေသည် နိုင်ငံတကာ လူ့အခွင့်အရေး စံသတ်မှတ်ချက်အရ လွန်ကဲလွန်းနေသည်။ ထို စံသတ်မှတ်ချက်များက အသရေဖျက်မှုသည် တရားမ,မှု ဆိုင်ရာ ကိစ္စသာဖြစ်ပြီး ထောင်ဒဏ်ချမှတ်ခြင်းမှာ အသရေဖျက်မှု အတွက် မည်သည့်အခါမျှ ဥပဒေအရ သင့်တော်သော တရားသဖြင့်ဖြစ်စေမှု မဟုတ်ကြောင်း စွဲကိုင်လက်ခံထားသည်။ သို့သော် ပုဒ်မ ၃၄(ဃ)သည် ပြစ်မှုဆိုင်ရာ ဥပဒေပြဌာန်းချက်များ ထက်ပို၍ ကြီးမားစွာ ပြဿနာဖြစ်စေသည်။ လူပုဂ္ဂိုလ် (သို့မဟုတ်) အဖွဲ့အစည်း၏ ဂုဏ်သိက္ခာကို ကျဆင်းစေသည့် (သို့မဟုတ်) သူတို့၏ အကျိုးစီးပွားများကိုထိခိုက်စေသည့် မည်သည့် ဖော်ပြချက်ကို မဆိုသက်ရောက်ခြင်းဖြင့် အများကြီးပို၍ ကျယ်ပြန့်ပြီး ၅ နှစ်အထိ ထောင်ဒဏ် ဟသည့် ပို၍ပင် ပြင်းထန်သော ပြစ်ဒဏ်ကိုပါ ချမှတ်ခွင့်ပြုသည်။ ယင်းက ထုတ်ဖော် မြွက်ကြားမှု သည် မှန်ကန်နေသည့် အခါတွင်ကဲ့သို့ ပြစ်မှုဆိုင်ရာ ဥပဒေအတွင်း တွေ့ရသည့် အသရေဖျက်မှုကို ခုခံမှုများ ထည့်သွင်းထားရန်လည်း ပျက်ကွက်နေသည်။

အထက်တွင်ထောက်ပြခဲ့သည့် အီလက်ထရောနစ်ဥပဒေမှ ပြဿနာများစွာသည် ဆက်သွယ်ရေး ဥပဒေ တွင်လည်း ရှိနေသည်။ ယင်းပြဿနာများတွင် ပုံတူနှစ်ထပ်ဖြစ်နေသော (သို့မဟုတ်) မလိုအပ်သော ပြစ်မှု ပြဌာန်းခြင်း ပါဝင်သည်။ ဥပမာ ပုဒ်မ ၆၆(ဂ) အရ " ဆက်သွယ်ရေး ကွန်ရက် တစ်ခုခုကို သုံးစွဲပြီး ငွေကြေး နှင့် ပစ္စည်းတစ်ရပ်ရပ်ကို ခိုးယူခြင်း၊ လိမ်လည်ခြင်း၊အလွဲသုံးစား ပြုလုပ်ခြင်း ၊အကျိုးပျက်စီးစေခြင်း" ကို ရာဇဝတ်ပြစ်မှုအဖြစ် ပြဌာန်းခြင်းမှာ ခိုးမှု နှင့်ပတ်သက်၍ ကိုင်တွယ် ထားသော ပြစ်မှုဆိုင်ရာဥပဒေ ရှိပြီးဖြစ်သဖြင့် မလိုအပ်ပါ။

ဆက်သွယ်ရေးဥပဒေသည် နောက်ထပ် ရာဇဝတ်မှု ပြစ်ဒဏ်သင့်သည့် အသရေဖျက်မှုဆိုင်ရာ ပြဌာန်းချက် ပုဒ်မ ၆၆(ဃ) ပါဝင်ပြီး ၎င်းကြောင့် မြန်မာနိုင်ငံတွင် ပြဿနာအကြီးအကျယ် ဖြစ်စေသည့် တရားစွဲဆိုမှုများစွာ ဖြစ်ပွားခဲ့သည်။ ဤ ပြဌာန်းချက်သည် "အနှောင့် အယှက်ဖြစ်စရာ" အကြောင်းအရာများကိုပါ သက်ရောက်သဖြင့် အီလက်ထရောနစ်ဥပဒေမှ ပုဒ်မ ထက်ပင် ပို၍ ကျယ်ပြန့်သည်။ ရဲများ၏ ရက်စက်မှုကို ထုတ်ဖော်ဖွင့်ချပြသည့် ဗီဒီယိုတိပ်ကဲ့သို့ "အနှောင့် အယှက်ဖြစ်စရာ" အကြောင်းအရာများ ဖြန့်ဖြူးခြင်းသည် အများပြည်သူ အကျိုးစီးပွား မြင့်မားစွာ ရရှိနိုင်သည်။ ပုဒ်မ ၆၆(ဃ) သည် " မလျော်ဩဇာသုံးခြင်း" ကိုဖြစ်စေသည့် အကြောင်းအရာ ကိုလည်း တားမြစ်ထားပြီး ၎င်းမှာ အလွန်တရား ဝေဝါးသည့် ဖွင့်ဆိုချက်ဖြစ်ကာ စိတ်ခံစားမှု

အသားပေး ကဗျာလင်္ကာ (သို့မဟုတ်) အထူးသဖြင့် ဆွဲဆောင်ဖြောင်းဖြသော အကဲဆေးများအပေါ် သက်ရောက်နိုင်ခြေ ရှိသည်။

ပုဒ်မ ၆၈(က) တွင် " မမှန်ကန်သော သတင်းအချက်အလက်ကို မရိုးဖြောင့်သော သဘောဖြင့် ဆက်သွယ်ခြင်း၊ ဖမ်းယူခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ချိခြင်း (သို့မဟုတ်) ပေးဝေခြင်း (သို့မဟုတ်) ပါဝင်ဆောင်ရွက်ခြင်း " ကိုတားမြစ်မှုသည်လည်း လွန်ကဲလွန်းအားကြီးနေသည်။ ယင်းက အပြည့်အဝ မှန်ကန်မှု မရှိသည့် အီလက်ထရောနစ်ဆက်သွယ်ရေးကို ရာဇဝတ်ပြစ်မှုမြောက်အောင် ပြဋ္ဌာန်းလိုက်သည့် ပုံပေါ်နေပါသည်။ သုံးစွဲသူများက သူတို့ ဖတ်ရှုပြီး၍ နားလည်ပြီးဖြစ်ကြောင်း သက်သေခံရန် လိုအပ်သည့် အွန်လိုင်းပေါ်မှ ဝန်ဆောင်မှု သဘောတူညီချက်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ ကို ကြည့်လျှင်၊ ၎င်းတို့ကို ဖတ်ရှုပြီး နားလည်ရန် ဝေးစွ၊ လူအများက ၎င်းတို့ကို မကြည့်ဘဲ ကလစ် နှိပ်သည့် ကြိမ်ရေတို့ကို ထည့်တွက်လျှင် ယင်းသို့ပြဋ္ဌာန်းခြင်းက အင်တာနက်အသုံးပြုသူ မှန်သမျှ အားလုံးနီးပါး ရာဇဝတ်ပြစ်မှု မြောက်စေမည် ဖြစ်သည်။

ဆက်သွယ်ရေးဥပဒေ၏ ပုဒ်မ ၇၃ ကလည်း ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီသူ ထံ ဤ ပြစ်မှု၏ တူညီသောပြစ်ဒဏ် သက်ရောက်စေပြီး ထို့အတွက်ကြောင့် အီလက်ထရောနစ် ဥပဒေ နည်းတူ တာဝန်ခံမှုကို အင်တာနက်ဝန်ဆောင်မှုပေးသည့်လုပ်ငန်းတိုင်း (သို့မဟုတ်) အွန်လိုင်းပလက်ဖောင်းတိုင်း ထံ ဖြန့်ကျက် ရောက်ရှိစေသည်။

## ၆. ကြားခံအဖွဲ့များ နှင့် အွန်လိုင်းထုတ်ဖော်ပြောဆိုမှု

အွန်လိုင်းအပေါ်တွင် လူ့အခွင့်အရေးကို အကာအကွယ်ပေးခြင်း သို့ တရားဥပဒေဆိုင်ရာ စိန်ခေါ်မှုများအပြင် အခြားစိန်ခေါ်မှုမှာ အွန်လိုင်းထုတ်ဖော်ပြောဆိုမှုသို့ ရယူသုံးစွဲခြင်း၊စီမံခန့်ခွဲခြင်း နှင့် ကြားဝင်ဖျန်ဖြေခြင်း တို့ကို ထောက်ပံ့ပေးသည့် ပုဂ္ဂလိကကဏ္ဍ ကြားခံအဖွဲ့များ၏ ကြီးမားလှသော အခန်းကဏ္ဍ ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် လူ့အခွင့်အရေးကိုလေးစားခြင်းအား သေချာစေရန် မူလအရင်းခံ တာဝန်ဝတ္တရားကို ထမ်းဆောင်ရပြီး ယခုအခါ ပုဂ္ဂလိက ကဏ္ဍမှ ဆောင်ရွက်သူများ သည်လည်း လူ့အခွင့်အရေးကို လေးစားရန် နှင့် ထိုသို့လေးစားမှုအားပျိုးထောင်ပေးရန် တိုက်ရိုက်တာဝန် ရှိကြောင်း အသိအမှတ် ပြုထားပြီးဖြစ်သည်။ သတင်းစာ (သို့မဟုတ်) ရုပ်သံထုတ်လွှင့်သူများကဲ့သို့ သြဇာကြီးသူအနည်းငယ်မျှအတွက်သာ ပလက်ဖောင်းဖန်တီးပေးခြင်းအစား အင်တာနက် ဝန်ဆောင်မှုပေးသည့် လုပ်ငန်း သည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်း၏ ထုတ်ဖော်ပြောဆိုမှုကို တိုက်ရိုက်ကူညီပေးပြီး လူတိုင်းအတွက် တက်ရောက်ပြောဆိုနိုင်သော ပလက်ဖောင်း နှင့် တစ်ကမ္ဘာလုံးဆိုင်ရာ ပရိသတ်များထံ လမ်းပေါက်ရောက်ရှိခွင့်ကို ပေးသည်။ သို့ရာတွင် ထိုသို့ ဖြစ်လာသည်နှင့်

အမှု ယင်းအချက်က ဤ ကြားခံအဖွဲ့များအား တစ်သီးပုဂ္ဂလများ၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် နှင့် သတင်းအချက်အလက်ရယူခွင့် တို့အပေါ် ယခင်မကြုံစဖူးသော ဩဇာလွှမ်းမိုးမှုကို အပ်နှင်းပေးသည်။ ဤ ဩဇာအာဏာသည် နိုင်ငံအစိုးရအတွင်းမှ လုပ်ကိုင်ဆောင်ရွက်သူများ (actor) ကိုလည်းဆွဲဆောင်နေသည်။ ၎င်းတို့က လူ့အခွင့်အရေး ချိုးဖောက်ရာတွင် အွန်လိုင်းကြားခံအဖွဲ့များကို ကူညီဖြည့်ဆည်းပေးရန် (သို့မဟုတ်) ပါဝင်လုပ်ဆောင်ရန် ပိုတိုးပြီး ဖိအားပေးလာနေသည်။ ဥပမာ အားဖြင့် အတွင်းရေးကျကျထိုးဖောက်ဝင်ရောက်သည့် စောင့်ကြည့်ရေးစနစ်များ အထောက်အပံ့ပေးခြင်း (သို့မဟုတ်) အသုံးပြုသူ၏ အကြောင်းအရာ များ စောင့်ကြည့်ခြင်း တို့ဖြစ်သည်။

မကြာသေးခင်နှစ်များအတွင်း ကြားခံအဖွဲ့များ၏ မူဝါဒများ နှင့် အလေ့အထများ အပေါ် လူ့အခွင့်အရေး၏ သက်ရောက်မှုများ အကြောင်း ပိုတိုး၍ အာရုံစိုက်မှုရှိလာခဲ့သည်။ ယေဘုယျအားဖြင့် လူ့အခွင့်အရေး နှင့် ပုဂ္ဂလိက ကဏ္ဍ အပေါ် အထင်ပေါ်ဆုံး လုပ်ဆောင်မှုမှာ ၂၀၁၁ ခုနှစ် *စီးပွားရေးလုပ်ငန်း နှင့် လူ့အခွင့်အရေးအပေါ်လမ်းညွှန် အခြေခံသဘောတရားများ (Guiding Principles on Business and Human Rights)* ဖြစ်ပြီး [၂၁] ယင်းကို ကုလသမဂ္ဂ၏ ကမကထပြုမှုအောက် တွင် ဖော်ထုတ်ခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် ဥပဒေ နှင့် ဒီမိုကရေစီ ရေးရာ စင်တာ သည် ပုဂ္ဂလိက ကဏ္ဍအွန်လိုင်းကြားခံအဖွဲ့များအတွက် လူ့အခွင့်အရေး စံနှုန်းများသို့ ၎င်းကိုယ်ပိုင် ပြည့်စုံလွှမ်းခြုံ သော လမ်းညွှန် - *ဒစ်ဂျစ်တယ်အခွင့်အရေးအတွက် ရပ်တည်စို့၊ တာဝန်သိသော နည်းပညာ အတွက် အကြံပြုချက်များ (Stand up for Digital Rights: Recommendations for Responsible Tech)* ကိုထုတ်ဝေခဲ့သည်။ [၂၂]

## ၇. အခြားပြဿနာများ

အင်တာနက်၏ အခြား တမူထူးခြားသည့် အခြင်းအရာမှာ ၎င်းသည် တစ်ကမ္ဘာ လုံးဆိုင်ရာ ဆက်စပ်မှုသဘာဝ အမှန်တကယ် ရှိနေပြီး မည်သည့်နေရာမှ မဆို upload တင်ပေးလိုက်သည့် အကြောင်းအရာများကို မည်သည့်နေရာမှ အသုံးပြုသူအတွက်မဆို ချက်ခြင်း ရရှိနိုင်ခြင်းဖြစ်သည်။ ဤအချက်က အင်တာနက်အကြောင်းအရာ နှင့် ဆက်နွယ်သော အမှုများအတွက် တရားစီရင်ခွင့်နယ်မြေ နှင့် ပတ်သက်ပြီး ပြဿနာများပေါ်ထွက်လာစေသည်။ ဤကိစ္စသည် အသရေဖျက်မှုနှင့် ပတ်သက်၍ အထူးတလည် ပြဿနာတက်စေပြီး အသရေဖျက်မှု နယ်လှည့်ခရီးသွားခြင်း (libel tourism)ဟု သိလာကြသည့် တရားလိုက ၎င်း နှင့် အလွမ်းသင့် အဆင်ပြေမည့် တရားစီရင်ခွင့်နယ်မြေသို့ အမှုစွဲဆိုမှုပြုလုပ်ရန် ကြိုးစားခြင်း ဖြစ်လာသည်။ ဤကိစ္စကို ကိုင်တွယ်ဖြေရှင်းရန် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်းအတွက် နိုင်ငံတကာ အများသဘောတူ အထူးလုပ်ပိုင်ခွင့် အရ ၂၀၁၁ ခုနှစ် ပူးတွဲကြေညာချက်တွင် အောက်ပါချဉ်းကပ်နည်းများ လိုက်နာရန် တောင်းဆိုခဲ့သည်။

> အင်တာနက်အကြောင်းအရာ နှင့် ပတ်သက်ရာ တရားရေး အမှုအခင်းများအတွင်း တရားစီရင်ခွင့်နယ်မြေကို ထိုအမှုများဖြင့် အမှန်တကယ် ဖြစ်ပြီး အရေးပါသည့် ဆက်သွယ်မှုရှိသော နိုင်ငံများသို့ ကန့်သတ်ထားသင့်သည်။ ပုံမှန်အားဖြင့် စာရေးသူသည် ထိုနေရာ၌ အခြေတကျ ဖြစ်နေသည့်အခါ၊ အကြောင်းအရာ ကို ထိုနေရာသို့

[၂၁] ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၊ စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေးအပေါ် အခြေခံသဘောတရားများလမ်းညွှန်ချက် ။ ကုလသမဂ္ဂ 'ကာကွယ်၊လေးစား၊ကုစားပြင်ဆင်' မူဘောင် ကို အကောင်အထည်ဖော်ခြင်း။ ၂၀၁၁၊ ဇွန်လ ၁၆ ရက်။ HR/PUB/11/04. ဤဝက်ဘ်ဆိုက်တွင်ကြည့်ရှုနိုင်သည်။www.ohchr.org/Documents/Publications/GuidingPrinciplesBusinessHR_EN.pdf.

[၂၂] ဤဝက်ဘ်ဆိုက်တွင် ကြည့်ရှုနိုင်သည်။ responsible-tech.org/wp-content/uploads/2016/06/Intermediaries-Print.pdf.

upload တင်ပေးသည့်အခါ၊ သို့မဟုတ် အကြောင်းအရာ သည် ထိုနိုင်ငံသို့ သီးသန့်ထားရည်ရွယ်သည့်အခါ ထိုသို့ အမှန်တကယ် ဆက်သွယ်မှုရှိပြီး အရေးပါသည့် နေရာ ဖြစ်လာမည်။ ပုဂ္ဂလိကအပိုင်းမှ ပါဝင်သည့် အဖွဲ့များကို ၎င်းတို့အား ထိုတရားစီရင်ခွင့်နယ်မြေတွင် ထိရောက်စွာ စစ်ဆေးနိုင်ကြောင်း သက်သေထူနိုင်သည့် နေရာဖြစ်သည့် ပေးထားသော တရားစီရင်ခွင့်နယ်မြေအတွင်း တွင်သာ တရားစွဲဆို သင့်သည်။

အင်တာနက်သည် စစ်ထုတ်ဖယ်ရှားခြင်း နှင့် တားဆီးပိတ်ပင်ခြင်း စနစ်များကဲ့သို့ အသစ်ဖြစ်ပြီး နည်းပညာကို အခြေခံသော စနစ်များကိုလည်း ပေါ်ထွန်းလာစေခဲ့သည်။ စစ်ထုတ်ဖယ်ရှားပေးမည့် စနစ်များသည် အဆုံးသတ် အသုံးပြုသူအနေဖြင့် သူတို့၏ စားပွဲခုံအပေါ် ရောက်ရှိလာမည့် အကြောင်းအရာများအပေါ် ထိန်းချုပ်မှု ကျင့်သုံးရန်အစွမ်းကို မြှင့်တင်ပေးနိုင်သော်လည်း အစိုးရကိုယ်စားပြုသူများက ချမှတ်ကျင့်သုံးသည့် စစ်ထုတ်ခြင်း (သို့မဟုတ်) တားဆီးပိတ်ပင်ခြင်း စနစ်များသည် ကြိုတင်ဆင်ဆာဖြတ်မှု ပုံစံ ဖြစ်သောကြောင့် မျှတမှုမရှိပါ။ ၎င်းတို့၏ အလွန်ကဲဆုံးသော ပုံစံများ၏ အကျော်ကြားဆုံး နှင့် ထိုးဖောက်ပျံ့နှံ့မှုအကြီးဆုံးမှာ တရုတ်နိုင်ငံ၏ "မဟာမီးတံတိုင်း" (Great Firewall) ဖြစ်သည်။ သို့သော် အလားတူ စနစ်များကို ရုရှ၊ အီသီယိုပီးယား နှင့် ကာဇစ်စတန် အပါအဝင် နိုင်ငံများစွာတွင် စူးစမ်းလေ့လာခြင်း သို့မဟုတ် အကောင်အထည်ဖော်ခြင်းများ ပြုလုပ်ခဲ့သည်။ ဤစနစ်များသည် အင်တာနက်၏ သဘာဝသို့ ကြီးမားသည့် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ ခြိမ်းခြောက်မှုကိုလည်း ပြုလုပ်နေသည်။ တရုတ်နိုင်ငံ၏ မဟာမီးတံတိုင်းသည် တရုတ်ပြည်သူများ၏ အင်တာနက် အသုံးပြုနိုင်စွမ်းကို ကန့်သတ်ရုံမက နေရာတိုင်းမှ အင်တာနက် အသုံးပြုသူများအနေဖြင့် တရုတ်ပြည်သူများဖြင့် ဆက်သွယ်နိုင်စွမ်းကိုပါ ထိခိုက်စေသည်။

နောက်ထပ် အရေးကြီးသည့် အင်တာနက် ပြဿနာမှာ ကွန်ရက်ကြားနေသဘောဆောင်မှု - net neutrality ဖြစ်သည်။ အနိမ့်ဆုံးအဆင့်တွင် ၎င်းသည် အင်တာနက် အချက်အလက် ဖြတ်သန်းမှုကိုင်တွယ်ရာတွင် ခွဲခြားမှုကို ဖယ်ရှားပေးပါသည်။ နိုင်ငံတကာ အများသဘောတူ အထူးအခွင့်အဏာအရ ၎င်းတို့၏ ၂၀၁၁ ပူးတွဲကြေညာချက်တွင် ထောက်ပြခဲ့သည့်အတိုင်း " အင်တာနက် အချက်အလက်နှင့်စီးဆင်းမှုကိုင်တွယ်ရာတွင် ကိရိယာ၊ အကြောင်းအရာ ၊စာရေးသူ၊ အကြောင်းအရာ ၏ မူလထွက်ရှိရာ နှင့် ဆိုက်ရောက်ရာ၊ ဝန်ဆောင်မှု (သို့မဟုတ်) အကြောင်းအရာအပေါ် အခြေခံပြီး မည်သည့်ခွဲခြားမှုမှ မရှိသင့်ပေ။" အင်တာနက်အပေါ် အကြောင်းအရာများ သယ်ဆောင်ခြင်း နှင့် လက်ခံခြင်း အတွက် မတူညီသော ကျသင့်ငွေများအတွက် မေးခွန်းမှာ ပို၍ အငြင်းပွားဖွယ်ရာဖြစ်နေသည်။ အားပေးလှုံ့ဆော်သူအချို့က ဤအချက်ကို တားဆီးရန် တောင်းဆို ထားသည့်အခါ မတူညီသော ကျသင့်ငွေ ခွဲခြားကောက်ခံမှုမှာ စတင်၍ အမြစ်စွဲနေပြီဖြစ်ပြီး လုံးဝပျောက်ကွယ်သွားရန် ဖြစ်နိုင်ခြေ ရှိပုံမရပေ။

အင်တာနက်ပျံ့နှံ့လာခြင်းသည် အခြေကျပြီးဖြစ်သော မူပိုင်ခွင့် နှင့် ဉာဏပစ္စည်း ကာကွယ်မှုစနစ်သို့လည်း စိန်ခေါ်မှုတစ်ခု ဖြစ်ပေါ်စေသည်။ အင်တာနက်သည် အလွန်ကြီးမားသည့် တီထွင်ဖန်တီးမှုများ ဖူးပွင့်ဝေဆာခြင်း နှင့် အနုပညာ ပုံစံသစ်များ မွေးဖွားလာခြင်းအတွက် လွယ်ကူချောမွေ့အောင် ထောက်ပံ့ဖြည့်ဆည်းပေးခဲ့သည်။ သို့ရာတွင် ဒဏ်ဂျစ်တယ် ဖိုင်များကို

သက်သာ လွယ်ကူစွာ ကူးယူ ဝေမျှ နိုင်သောကြောင့် မူပိုင်ခွင့်ချိုးဖောက်မှုကို ယခင်မကြုံစဖူး အဆင့်ရောက်အောင် မြင့်တက်လာစေခဲ့သည်။ ဒစ်ဂျစ်တယ်နည်းလမ်းမှ ရောင်းချခြင်းအပါအဝင် အနုပညာရှင်များသည် အသက်မွေးဝမ်းကျောင်းပြုရန် ရပိုင်ခွင့်ရှိသော်လည်း မူပိုင်ခွင့်သို့ ခြွင်းချက်များကို (မျှတစွာ သုံးစွဲခြင်း (သို့) မျှတစွာ အပေးအယူလုပ်ခြင်း) ဒစ်ဂျစ်တယ်ခေတ်နှင့် သင့်တော်အောင် အလိုက်သင့်ပြင်ဆင်ထားသည့် နည်းဖြင့် ကျယ်ပြန့်စွာဖွင့်ဆိုကြောင်း အစိုးရများမှ သေချာစေသင့်သည်။ ၎င်းတို့သည် မူပိုင်ခွင့်ချိုးဖောက်ခြင်းသို့ ပြင်းထန်လွန်းသည့် ပြစ်ဒဏ်များ ချမှတ်ခြင်းမှ ရှောင်ရှားရန်လည်း ဂရုစိုက်သင့်သည်။ အင်တာနက်သို့ ဆက်သွယ်ရယူခွင့် ဖြတ်တောက်ခြင်းသည် အထူးသဖြင့် ကျိုးကြောင်းမျှတမှုမရှိသော အရေးယူဆောင်ရွက်မှု စတင်ဖြစ်ပေါ်လာသည်။

## ၈. အဆုံးသတ်ကောက်ချက်

အွန်လိုင်းအပေါ်မှ ထုတ်ဖော်ပြောဆိုမှုကို စည်းကမ်းထိန်းသိမ်းရန် တရားဥပဒေဆိုင်ရာ မူဘောင်တစ်ခု ဖော်ထုတ်ခြင်းသည် ခဲရာခဲဆစ်နိုင်ပြီး သိမ်မွေ့သည့် ကြိုးပမ်းအားထုတ်မှုဖြစ်သည်မှာ သံသယ ဖြစ်စရာ မလိုချေ။ ၎င်းသည် ရှုပ်ထွေးမှု၊ နည်းပညာဆိုင်ရာ အဆင့်မြင့်မားမှု နှင့် အင်တာနက်၏ အလျင်အမြန် ဖြစ်ထွန်းလာနေသော သဘောသဘာဝ တို့ကြောင့် ပို၍ပင် စိန်ခေါ်မှုကြီးထွားလာသည်။ သို့သော် ထိုစိန်ခေါ်မှုများက အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ပါဝင်အားစိုက်ကြိုးပမ်းမှုသည် ဆက်လက်ဖြစ်ထွန်းဆဲ ဥပဒေမူကြမ်းရေးဆွဲခြင်း နှင့် ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းအားထုတ်မှုများသို့ အလွန်တရာ အရေးကြီးသည်ဟုလည်း အဓိပ္ပါယ်ရသည်။ အမျိုးမျိုးသော ဆက်စပ်ပတ်သက်သူများ၏ ပူပန်မှုများကို ထည့်သွင်းစဉ်းစားကြောင်း သေချာစေခြင်းသည် အဆီအငေါ်မတည့်သော၊ နည်းပညာအရလည်း ထိရောက်မှုမရှိသော စည်းမျဉ်းဥပဒေများ အပြင် ထိခိုက်စေသော အပြုအမူများ နှင့် အတူတကွ ရိုးဖြောင့်သော (သို့မဟုတ်) ဘေးအန္တရာယ်မဖြစ်စေသော အပြုအမူများကိုပါ တားမြစ်သည့် ဥပဒေများကို ရှောင်ကြဉ်နိုင်စေမည် ဖြစ်သည်။ ဥပဒေပြုသူများတွင် မရှိသည့် တတ်ကျွမ်းနားလည်မှု နှင့် ကျွမ်းကျင်မှု အစုံလိုက် ရှိသူများ (သို့မဟုတ်) အခြားနည်းဖြင့်ဆိုလျှင် ပျက်ကွက်နေနိုင်သော အမြင် နှင့် ရှုထောင့်များ ပေးကမ်းနိုင်သည့်သူဖြစ်သည့် ဥပဒေ နှင့် နည်းပညာ ကျွမ်းကျင်သူများအတွက် ပါဝင်လုပ်ကိုင် ဆွေးနွေးမှုသည် အထူးတလည်အရေးကြီးပါသည်။ MMLN အပါအဝင် မြန်မာနိုင်ငံတရားဥပဒေ အသိုက်အဝန်းသည် အဆိုပြုထားသည့် ပြဿနာဖြစ်စေသော မည်သည့် ဥပဒေများကို မဆို တွန်းလှန်ခြင်း နှင့် အီလက်ထရောနစ်ဥပဒေ နှင့် ဆက်သွယ်ရေးဥပဒေကဲ့သို့ ရှိရင်းစွဲ ပြဿနာ ဖြစ်စေသည့် ဥပဒေများ ပြုပြင်ပြောင်းလဲရေးအတွက် တွန်းအားပေးခြင်းဖြင့် ဤအပိုင်းတွင် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်ရမည်ဖြစ်ပါသည်။